ဘာသာပြန်သူ၏အမှာ

'မြန်မာပြည်က ကလေးစစ်သား'

လို့ နာမည်တပ်ပြီး ဘာသာပြန်လိုက်တဲ့ Mitali Perkins ရဲ့ Bamboo People ဟာ ကျွန်တော် ပြန်နေကျ ဝတ္ထုအမျိုးအစားတွေနဲ့တော့ မတူပါဘူး။ ဒီစာအုပ်ကအရွယ်ရောက် ဆယ်ကျော်သက် (Young Adults) တွေအတွက် ရည်ရွယ်ပြီးရေးထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်တုန်းက အရေအတွက် မြောက်မြားစွာရှိခဲ့တဲ့ ကလေးစစ်သားတွေရဲ့ ခါးသီးတဲ့ စိတ်ခံစားမှုတွေ၊ အရွယ်နဲ့မမျှလောက်အောင် အသက်ကိုရင်းပြီး စစ်တိုက်ရတဲ့ အတွေ့အကြုံတွေကို ထင်ဟပ်ထားတာမို့ ကျွန်တော်တို့အနေနဲ့ တစ်စုံတစ်ရာသော စာနာနားလည်နိုင်မှု၊ အတိတ်က သင်ခန်းစာကို ဘယ်လို သင်ယူနိုင်မလဲဆိုတာ စဉ်းစားနိုင်ဖို့အတွက် ဘာသာပြန်လိုက်တာ ဖြစ်ပါတယ်။

ဒီစာအုပ်အကြောင်းမပြောခင် အရင်ဆုံးပြောချင်တာက Bamboo People ကို ကလေးစစ်သားလို့ ဘာကြောင့်ပြန်လိုက်ရသလဲဆိုတာကို အရင်ဆုံး ရှင်းပြချင်ပါတယ်။ မူရင်းစာရေးသူက Bamboo People (ဝါးလူသားများ)လို့ နာမည်ပေးခဲ့ပုံကို ကျွန်တော်ခံစားမိသလောက် ပြန်ရှင်းပြပေးပါ့မယ်။ ဒီဝတ္ထုရဲ့ တစ်နေရာမှာ ကရင်နီသားအဖနှစ်ယောက် စကားပြောတဲ့ ဇာတ်ဝင်ခန်းတစ်ခု ပါဝင်တယ်။ အဖေဖြစ်သူက သားကို သေနတ်ဆိုတာ ဘယ်နေရာမှာအသုံးဝင်လဲလို့ မေးတယ်။ သားဖြစ်သူက သတ်ဖြတ်တဲ့နေရာမှာ အသုံးဝင်တယ်လို့ဖြေတယ်။ ဒီတော့ သေနတ်ဟာ သတ်တဲ့နေရာပဲသုံးလို့ရတာပေါ့ အဖေက ပြန်ပြောတယ်။ ပြီးတော့ အဖေကသားကို ဝါးတွေရဲ့ အသုံးဝင်မှုကို ထပ်မေးပြန်တယ်။ သားဖြစ်သူက ခဏစဉ်းစားပြီး ပြန်ဖြေတယ် အပင်ပေါက်စ မျှစ်အခြေအနေမှာ စားလို့ရတယ်။ ဝါးရင်းတုတ်အနေနဲ့ ရန်သူကို တိုက်ခိုက်ကာကွယ်လို့ရတယ်။ ဝါးကိုသုံးပြီး အိမ်ဆောက်ရတယ်။ မဆုံးနိုင်အောင် အသုံးဝင်တယ်လို့ ပြန်ဖြေလိုက်တယ်။ ဒီတော့ အဖေဖြစ်သူက သားကို သေနတ်လို မကျင့်ဘဲ၊ ဝါးလိုကျင့်ဖို့ ဆုံးမစကားပြောလိုက်တယ်။ ဒီလိုရည်ရွယ်ချက်နဲ့ မိတာလီက Bamboo People ဆိုပြီး နာမည်တပ်ပေးခဲ့တာဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဘာသာပြန်စာမူကို ပြန်ထုတ်တဲ့အခါမှာတော့

'ဝါးလူသားများ'

ဆိုတာ ရုတ်တရက် နားလည်ရခက်နိုင်ပြီး လမ်းချော်သွားနိုင်တယ်လို့ ဘာသာပြန်သူအနေနဲ့ ယူဆမိတာကြောင့် ဒီဝတ္ထုထဲက အဓိက ဇာတ်ကောင်နှစ်ယောက်အနက် တစ်ယောက်ဖြစ်တဲ့ ကလေးစစ်သားအဖြစ် အဓမ္မစုဆောင်းခြင်းခံခဲ့ရတဲ့ ချစ်ကိုကို အစွဲပြုပြီး "မြန်မာပြည်က ကလေးစစ်သား" လို့ ခေါင်းစဉ်တပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ပြီးတော့နောက်တစ်ချက်ပြောလိုတာက ဒီစာအုပ်ဟာ ကျွန်တော် ပြန်နေကျရှိတဲ့ ပုံစံအတိုင်း မူရင်းစာရေးသူအပေါ် သစ္စာရှိရှိ အနီးစပ်ဆုံး ပြန်ဆိုထားတာမဟုတ်ဘဲ မြန်မာစာဖတ်ပရိသတ်အတွက် အဆင်ပြေစေအောင် ဆီလျော်သလို ပြန်ဆိုထားတာဖြစ်ပါတယ်။ ဘာ့ကြောင့် ဆီလျော်အောင် ပြန်ဆိုရတာလဲဆိုတော့ မူရင်းစာရေးသူဟာ မြန်မာလူမျိုးမဟုတ်ဘဲ သူလေ့လာစုဆောင်းလို့ရတဲ့ အချက်အလက်တွေပေါ်မှာ အခြေတည်ပြီး ဇာတ်အိမ်ဖွဲ့ခဲ့တာကြောင့် တချို့နေရာလေးတွေမှာ အဆီအငေါ် မတည့်တာလေးတွေ ရှိပါတယ်။ မြန်မာဘာသာနဲ့ ပြန်ဖတ်ရှုတဲ့အခါ အဆင်မချောနိုင်တာတွေရှိလို့ ဆီလျော်အောင်ပြန်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မူရင်းစာရေးသူမရေးတဲ့ အပိုဆာဒါးတစ်လုံးတလေမှ ဘာသာပြန်သူအနေနဲ့ လှုတတ်လုပ် ဝင်ရောက်စွက်ဖက်ထားတာမျိုး အလျှင်း မရှိကြောင်းကိုလည်း ပြောချင်ပါတယ်။

စာသင်ကျောင်းမှာ ရှိရမယ့် ကလေးအရွယ်တွေဟာ ခေတ်၊ စနစ်၊ အုပ်ချုပ်သူတွေရဲ့ လွဲချော်မှုတွေကြောင့် စာအုပ်ကိုင်ရမယ့်အစား သေနတ်တွေ ကိုင်ခဲ့ရတယ်။ ခုတော့ ကလေးစစ်သားတွေ မရှိတော့ဘူးလို့ ကြေညာနေပေမဲ့ ကလေးစစ်သားအရေအတွက် ဘယ်လောက် ကျန်ဦးမလဲ ဆိုတာ မသိနိုင်ပါဘူး။ ဒီစာအုပ်ဟာ အရွယ်မတိုင်သေးဘဲ စာသင်ခန်းဝေး၊ မိဝေးဘဝေးနဲ့ သေနတ်ကိုင်ရတဲ့ ကလေးစစ်သားတွေ။ ဆင်းရဲနွံ့ချာလွန်းလို့ စာသင်ခန်းကို ကျောခိုင်းပြီး မိသားစုအတွက် လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ဘီယာဆိုင်တွေမှာ စားပွဲထိုး လုပ်နေရတဲ့ ကလေးငယ်တွေနဲ့ အိမ်ဖော်လုပ်နေရရှာတဲ့ ကလေးငယ်တွေ အားလုံးကို ရည်စူးပါတယ်။

မိုးသက်ဟန်